納めて
愉快だ
宇都宮
UTSUNOMIYA

# 多言語版　市税のしおり

# မြို့တော်အခွန်ဆိုင်ရာ လမ်းညွှန်စာစောင်

# （ミャンマー語 မြန်မာဘာသာ）

宇都宮市役所では、道路・公園をつくったり、ごみの処理、消防や救急活動などみなさんの生活を支えるため、色々な仕事をしています。これらの仕事をするには、みなさんが払う「市税」が必要です。この「市税のしおり」は、宇都宮市に住んでいる外国人のみなさんが「市税」について知り、正しく払うことができるようにわかりやすくまとめたものです。

Utsunomiyaမြို့တော်ရုံးသည် လမ်းများနှင့် ပန်းခြံများတည်ဆောက်ခြင်း၊ အမှိုက်များ စီမံဆောင်ရွက်ခြင်း၊ မီးသတ်နှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့် ပြည်သူများ၏ နေ့စဉ်ဘဝကို အထောက်အပံ့ပေးရန် အမျိုးမျိုးသော လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဤလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူများ ပေးဆောင်သည့် "မြို့တော်အခွန်" များ လိုအပ်ပါသည်။
ဤ "မြို့တော်အခွန်ဆိုင်ရာလမ်းညွှန်စာစောင်" သည် Utsunomiyaမြို့တွင် နေထိုင်သော နိုင်ငံခြားသားများအနေဖြင့် "မြို့တော်အခွန်" နှင့် ပတ်သက်၍ နားလည်သဘောပေါက်ပြီး မှန်ကန်စွာ ပေးဆောင်နိုင်စေရန် ရည်ရွယ်၍ အလွယ်တကူ နားလည်နိုင်သော ပုံစံဖြင့် စုစည်းဖော်ပြထားသော စာစောင်ဖြစ်ပါသည်။

## ■ 目次　မာတိကာ


1　市税について　မြို့တော်အခွန်အကြောင်း · · · 1
2　市民税・県民税　မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန် · · · 2
3　国民健康保険税　အမျိုးသားကျန်းမာရေးအာမခံခွန် · · · 6
4　軽自動車税　အပေါ့စားမော်တော်ယာဉ်အခွန် · · · 8
5　固定資産税　အိမ်ခြံမြေပိုင်ဆိုင်မှုခွန် · · · 11
6　税金は納期限までに払うことが決まりです
အခွန်များကို သတ်မှတ်ရက်အမီပေးဆောင်ရမည်။ · · · 11
7　市税の証明書について
မြို့တော်အခွန်ဆိုင်ရာ အထောက်အထားလက်မှတ်များအကြောင်း · · · 14
8　市税納期カレンダー　မြို့တော်အခွန်ပေးဆောင်ရမည့်ရက်စွဲပြက္ခဒိန် · · · 16
9　税についての問い合わせ先　အခွန်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းရန် ဆက်သွယ်ရမည့်ဌာန · · · 17

# 1　市税について

## မြို့တော်အခွန်အကြောင်း

■　市税は何に使われているの？

・市税とは、市に払う税金のことです。

・宇都宮市役所では、道路の整備やごみの処理のための費用などを「税金」としてみなさんから集めています。

・市に集められた「税金」は、わたしたちが安心して暮らせる社会のために使われます。

**■ မြို့တော်အခွန်ကို ဘာအတွက် အသုံးပြုသလဲ။**

・မြို့တော်အခွန်သည်မှာ မြို့တော်သို့ ပေးဆောင်ရသော အခွန်ကို ဆိုလိုပါသည်။

・Utsunomiyaမြို့တော်ရုံးသည် လမ်းများပြုပြင်ထိန်းသိမ်းခြင်း၊ အမှိုက်များစီမံဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများအတွက် လိုအပ်သောကုန်ကျစရိတ်များကို "အခွန်" အဖြစ် ပြည်သူများထံမှ ကောက်ခံပါသည်။

・မြို့တော်မှကောက်ခံရရှိသော "အခွန်" များကို ကျွန်ုပ်တို့အားလုံး ဘေးကင်းလုံခြုံစွာနှင့် အဆင်ပြေစွာ နေထိုင်နိုင်သော လူမှုအသိုက်အဝန်းတစ်ခု ဖြစ်လာစေရန်အတွက် အသုံးပြုပါသည်။

（安心して道を歩けるね！）

လမ်းပေါ်မှာစိတ်ချလက်ချ သွားလာနိုင်တာပေါ့နော်!



（まちがきれい！）

မြို့ကသန့်သန့်ရှင်းရှင်းနဲ့ လှပနေတယ်!



（すぐに救急車が来た！安心！）

လူနာတင်ယာဉ်ချက်ချင်းရောက်လာတယ်! စိတ်ချရပြီ!



■　もし税金がなかったらどうなるの？

အခွန်သာ မရှိဘူးဆိုရင် ဘာတွေ ဖြစ်လာနိုင်မလဲ။

（道路に穴！危ない！）

လမ်းမှာ ချိုင့်ပေါက်ကြီး!



（ごみが回収されない！）

အမှိုက်တွေကိုလာမသိမ်းတော့ဘူး!



（おなかが痛い！どうしよう！）

ဗိုက်အရမ်းနာနေတယ်!
ဘာလုပ်ရမလဲ!



# 2　市民税・県民税　မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်

■　**市民税・県民税とはなんでしょうか。**

・市民税・県民税とは、**<u>1月1日に住んでいる市町村</u>**に払う税金です。

・働いている人など一定以上の収入があるときに払わなければなりません。

・市民税・県民税は、**<u>前の年に働いて得た収入</u>**にかかります。日本に来た初めの年はかかりません。

・市民税・県民税を払う必要があるか、いくら払うかは前の年の1月1日から12月31日までの収入や控除などの金額で決まります。

**■ မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန် ဆိုတာဘာလဲ။**

・မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်ဆိုသည်မှာ**<u>ဇန်နဝါရီလ၁ရက်နေ့တွင်မိမိနေထိုင်နေသော မြို့တော်/မြို့/ကျေးရွာအုပ်ချုပ်ရေးဒေသများ</u>**သို့ ပေးဆောင်ရသော အခွန်ဖြစ်ပါသည်။


・အလုပ်လုပ်နေတဲ့သူတွေလို သတ်မှတ်ထားတဲ့ ဝင်ငွေထက် ပိုရတဲ့သူတွေများသည် ဤအခွန်ကို ပေးဆောင်ရန် လိုအပ်ပါသည်။

・မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်သည် **<u>ယခင်ပြီးခဲ့တဲ့နှစ်အတွင်း အလုပ်လုပ်၍ ရရှိခဲ့သော ဝင်ငွေ</u>**အပေါ် အခြေခံ၍ ကောက်ခံသော အခွန်ဖြစ်ပါသည်။ ထို့ကြောင့် ဂျပန်နိုင်ငံသို့ စတင်ရောက်ရှိသည့် ပထမနှစ်တွင် ပေးဆောင်ရန် မလိုအပ်ပါ။

・မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်ကို ပေးဆောင်ရန် လိုအပ်ခြင်းရှိ/မရှိနှင့် ပေးဆောင်ရမည့် ပမာဏကို ယခင်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ရရှိခဲ့သော ဝင်ငွေ၊ အခွန်လျှော့ပေါ့ခွင့်များနှင့် အခြားသက်ဆိုင်ရာ အချက်အလက်များအပေါ် မူတည်၍ သတ်မှတ်ပါသည်။

今年の市民税・県民税がかかるかどうかチェックしてください！

ဒီနှစ်အတွက် မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်ပေးဆောင်ရန် လိုအပ်ခြင်း ရှိ/မရှိ စစ်ဆေးကြည့်ပါ!



■ **市民税・県民税の申告について**

・1月1日に宇都宮市に住んでいた人は、毎年3月15日までに、**前の年の収入**を宇都宮市に申告しなければなりません。

・正しく申告することで、市民税・県民税の税額が安くなることがあります。

・在留期間の更新などに必要な課税証明書や納税証明書の発行には、必ず申告が必要です。前の年に収入がなかった人でも必ず申告してください。

**＜市民税・県民税の申告が必要ない人＞**

・税務署で所得税の「確定申告」をした人

・その年の1月1日に日本に住んでいなかった人

・前の年の1月1日から12月31日まで同じ会社から給料をもらっていた人

・申告が必要かどうかわからないときは、市民税課（17ページ）に相談してください。

■ **မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်တင်ပြကြေညာခြင်း**

・**ဇန်နဝါရီလ၁ရက်နေ့တွင်Utsunomiyaမြို့တွင်နေထိုင်ခဲ့သူများ**သည်နှစ်စဉ်မတ်လ ၁၅ ရက်နေ့မတိုင်မီ **ယခင်နှစ်၏ ဝင်ငွေ**အခြေအနေကို Utsunomiyaမြို့သို့ အခွန်ကြေညာချက်တင်ပြရမည်ဖြစ်ပါသည်။

・မှန်ကန်စွာ အခွန်ကြေညာခြင်းပြုလုပ်ပါက မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်၏ ပေးဆောင်ရမည့် အခွန်ပမာဏ လျှော့နည်းသွားနိုင်ပါသည်။

・နေထိုင်ခွင့်သက်တမ်းတိုးခြင်းစသည့်လုပ်ငန်းစဉ်များတွင်လိုအပ်သောအခွန်သတ်မှတ်ကြောင်းထောက်ခံစာနှင့်အခွန်ပေးဆောင်ထားကြောင်းထောက်ခံစာများ ထုတ်ယူရန်အတွက် အခွန်ကြေညာခြင်းကို မဖြစ်မနေ ပြုလုပ်ထားရပါမည်။

・ယခင်နှစ်တွင် ဝင်ငွေမရှိခဲ့သူများလည်း အခွန်ကြေညာခြင်းကို မဖြစ်မနေ ပြုလုပ်ပေးပါ။

**＜မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန် ကြေညာရန်မလိုအပ်သူများ＞**

・အခွန်ရုံးတွင် ဝင်ငွေခွန် အပြီးသတ်ကြေညာချက်ကိုတင်သွင်းပြီးသူများ

・ထိုနှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဂျပန်နိုင်ငံ၌ နေထိုင်ခြင်း မရှိခဲ့သူများ

・ယခင်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကုမ္ပဏီတစ်ခုတည်းမှသာ လစာရရှိခဲ့ပြီး၊ ကုမ္ပဏီမှ နှစ်ကုန်အခွန်ရှင်းလင်းခြင်းကို ပြုလုပ်ပေးထားသူများ

・မိမိအနေဖြင့် အခွန်ကြေညာခြင်းပြုလုပ်ရန် လိုအပ်သည်/မလိုအပ်သည်ကို မသေချာပါကမြို့တော်အခွန်ဌာနသို့ ဆက်သွယ်၍ တိုင်ပင်ဆွေးနွေးပါ။ (စာမျက်နှာ 17 ကို ကြည့်ပါ)။

■ **市民税・県民税の払い方**

・市民税・県民税の払い方は、２つあります。

①**特別徴収**・・・会社があなたに払う給料から事前に市民税・県民税を預かって、あなたに代わって市民税・県民税を市に払う方法です。会社から給料をもらっている人は、特別徴収で払うのが決まりです。

②**普通徴収**・・・宇都宮市から届く納付書（税金を払う紙）を使って自分で払います。税金を払う方法や場所は次のページを確認してください。

**■မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်ပေးဆောင်နည်း**

・မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်ကို **ပေးဆောင်သည့် နည်းလမ်း ၂ မျိုး** ရှိပါသည်။

**①လစာမှ အခွန်ဖြတ်တောက်ပေးဆောင်ခြင်း**

・ကုမ္ပဏီက သင့်အား ပေးသော လစာထဲမှ မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်ကို ကြိုတင်ဖြတ်တောက်ထားပြီး၊ သင့်ကိုယ်စား မြို့တော်ရုံးသို့ အခွန်ပေးဆောင်သည့် နည်းလမ်း ဖြစ်ပါသည်

・ကုမ္ပဏီမှ လစာရရှိနေသူများသည် ပုံမှန်အားဖြင့် လစာမှ အခွန်ဖြတ်တောက်ပေးဆောင်ခြင်းဖြင့် ပေးဆောင်ရမည် ဖြစ်ပါသည်။

**②ကိုယ်တိုင်ပေးဆောင်ခြင်း**

・Utsunomiyaမြို့မှ ပေးပို့လာသော အခွန်ပေးဆောင်ရန် စာရွက်ကို အသုံးပြုပြီး မိမိကိုယ်တိုင် အခွန်ပေးဆောင်ရသော နည်းလမ်း ဖြစ်ပါသည်။

・အခွန်ပေးဆောင်နိုင်သော နည်းလမ်းများနှင့် ပေးဆောင်ရမည့် နေရာများကို နောက်စာမျက်နှာတွင် စစ်ဆေးကြည့်ရှုပါ။

## 市民税・県民税納税通知書（封筒）

မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်ဆောင်ရန်အကြောင်းကြားစာ(စာအိတ်)




・会社が毎月の給料から市民税・県民税を引いていないときは、市民税・県民税納税通知書が、**6月**に郵便で届きます。届いたらすぐに中身を見てください。


・納期限（税金を払う期限）までに銀行やコンビニエンスストア、郵便局、銀行で払ってください。

・ကုမ္ပဏီက လစဉ်လစာထဲမှ မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်ကို ဖြတ်တောက်ပေးဆောင်ခြင်း မရှိပါက၊ မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်ဆောင်ရန် အကြောင်းကြားစာ ကို **ဇွန်လ**တွင် စာတိုက်မှတစ်ဆင့် ပို့ပေးပါမည်။ ရရှိသည်နှင့် တပြိုင်နက် အတွင်းပါ အချက်အလက်များကို သေချာစွာ စစ်ဆေး ကြည့်ရှုပါ။

・အခွန်ပေးဆောင်ရမည့် နောက်ဆုံးရက်မတိုင်မီ ဘဏ်၊ ကွန်ဗီနီယန့်စတိုး၊ စာတိုက် သို့မဟုတ် သတ်မှတ်ထားသော ငွေပေးချေရာနေရာများတွင် အခွန်ကို ပေးဆောင်ပါ။

## 封筒の中に入っている納付書（支払用）

စာအိတ်အတွင်း ပါရှိသော အခွန်ပေးဆောင်ရန် အသုံးပြုသည့် ငွေပေးချေစာရွက်




・納付書は「全期」「第１期」「第２期」「第３期」「第４期」の５枚入っています。

・「全期」は１年分の市民税・県民税を一度に払う時に使います。

・「第１期」～「第４期」の納付書は１年分の市民税・県民税を４回に分けて払う時に使います。

・16ページの市税納期カレンダーを見て、必ず納期限（税金を払う期限）までに払ってください。

・eL-QRを使って、クレジットカードの納付や、スマートフォンアプリでの納付ができます。

・ငွေပေးချေစာရွက်တွင်「တစ်နှစ်စာလုံး」၊「၁ ကြိမ်မြောက်」၊「၂ ကြိမ်မြောက်」၊「၃ ကြိမ်မြောက်」၊「၄ ကြိမ်မြောက်」 ဟူ၍ စုစုပေါင်း **၅ ရွက်** ပါရှိပါသည်။

・「တစ်နှစ်စာလုံး」 သည် တစ်နှစ်စာ မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်ကို တစ်ကြိမ်တည်း အပြီးပေးဆောင်လိုသောအခါ အသုံးပြုရပါသည်။

・「၁ ကြိမ်မြောက်」 မှ 「၄ ကြိမ်မြောက်」 အထိငွေပေးချေစာရွက်များသည် တစ်နှစ် စာ အခွန်ကို အရစ်ကျ ၄ ကြိမ် ခွဲ၍ ပေးဆောင်လိုသောအခါ အသုံးပြုရပါသည်။

・စာမျက်နှာ ၁၆ ရှိ မြို့တော်အခွန်ပေးဆောင်ရမည့်ရက်စွဲပြက္ခဒိန်ကို ကြည့်ရှုပြီး အခွန်ပေးဆောင်ရမည့် နောက်ဆုံးရက်မတိုင်မီ မဖြစ်မနေ ပေးဆောင်ပါ။

・eL-QR ကို အသုံးပြု၍ Credit Card ဖြင့် အခွန်ပေးဆောင်နိုင်သလို စမတ်ဖုန်း App များမှတစ်ဆင့်လည်း အခွန်ပေးဆောင်နိုင်ပါသည်။

## ■ 出国するときに必要な手続き

＜会社に勤めている人＞

・払ってない税金があるときは、納期限前（税金を払う期限より前）でも**全額払って**から出国してください。

・会社があなたの給料から税金を引いて払っていたときは、会社をやめると分かった時に市民税課（17ページ）に相談してください。

＜会社に勤めていない人＞

・出国により、納付書の受け取りや税金を払うことができない人のために、**「納税管理人制度」**があります。納税管理人とは、あなたに代わり日本で納税通知書の受け取りや税金を払う人のことです。

・日本から出国するときは、事前に必ず手続きをしてから出国してください。

・詳しくは、市民税課（17ページ）に相談してください。

## ■ နိုင်ငံမှ ထွက်ခွာမည့်အခါ လိုအပ်သော လုပ်ထုံးလုပ်နည်းများ

＜**ကုမ္ပဏီတွင် အလုပ်လုပ်နေသူများ**＞

・မပေးဆောင်ရသေးသော အခွန်များရှိပါက၊ အခွန်ပေးဆောင်ရမည့် နောက်ဆုံးရက်မရောက်သေးသော်လည်း ကျန်ရှိသည့်အခွန်**အားလုံးကို အပြီးပေးဆောင်ပြီးမှ** နိုင်ငံမှ ထွက်ခွာပါ။

・ကုမ္ပဏီက သင့်လစာမှ အခွန်ကို ဖြတ်တောက်၍ ပေးဆောင်ပေးနေခဲ့ပါက၊ အလုပ်ထွက်မည်ဟု သိရှိသည်နှင့်တပြိုင်နက်မြို့တော်အခွန်ဌာန(စာမျက်နှာ ၁၇) သို့ ဆက်သွယ်တိုင်ပင်ပါ။

＜**ကုမ္ပဏီတွင် အလုပ်မလုပ်သူများ**＞

・နိုင်ငံမှ ထွက်ခွာသွားခြင်းကြောင့်ငွေပေးချေစာရွက်ကို လက်ခံရယူရန် သို့မဟုတ် အခွန်ပေးဆောင်ရန် မဖြစ်နိုင်သူများအတွက် **အခွန်စီမံခန့်ခွဲသူစနစ်**ရှိပါသည်။

・အခွန်စီမံခန့်ခွဲသူဆိုသည်မှာ သင့်ကိုယ်စား ဂျပန်နိုင်ငံတွင် အခွန်အကြောင်းကြားစာကို လက်ခံရယူပေးခြင်းနှင့် အခွန်ပေးဆောင်ပေးခြင်းများ ဆောင်ရွက်ပေးသူကို ဆိုလိုပါသည်။

・ဂျပန်နိုင်ငံမှ မထွက်ခွာမီ ကြိုတင်၍ လိုအပ်သော လုပ်ထုံးလုပ်နည်းများကို မဖြစ်မနေ ဆောင်ရွက်ပြီးမှ ထွက်ခွာပါ။

・အသေးစိတ်ကို မြို့တော်အခွန်ဌာန(စာမျက်နှာ ၁၇)သို့ ဆက်သွယ်၍ ဆွေးနွေးမေးမြန်းပါ။

# 3　国民健康保険税

# အမျိုးသားကျန်းမာရေးအာမခံခွန်

## ■　国民健康保険とはなんでしょうか。

・宇都宮市に住んでいる人は、宇都宮市で国民健康保険に入ります（社会保険など会社で健康保険に入る人は除きます）。

・住民登録をしていて、<u>**在留期間が３か月**</u>より長い期間日本にいる人は、社会保険などに入っている人を除いて、赤ちゃんからお年寄りまで全部の人が国民健康保険に入らなければなりません。

・国民健康保険に入ると、一人一枚、**資格確認書**がもらえます。

・病気やけがをしたとき、病院で**資格確認書**を出すと少ない金額で、病院にかかることができます。

・**資格確認書**は、**使える期限がある**ので、注意してください。

**■ အမျိုးသားကျန်းမာရေးအာမခံဆိုတာ ဘာလဲ။**

・Utsunomiya မြို့တွင် နေထိုင်သူများသည် အမျိုးသားကျန်းမာရေးအာမခံကို ဝင်ရောက်ရပါသည်(ကုမ္ပဏီမှ စီစဉ်ပေးသော လူမှုဖူလုံရေးအာမခံစသည့် ကျန်းမာရေးအာမခံများတွင် ဝင်ရောက်ထားသူများနှင့်မသက်ဆိုင်ပါ)။

・နေထိုင်သူမှတ်ပုံတင်ပြုလုပ်ထားပြီး ဂျပန်နိုင်ငံတွင် <u>**၃ လထက်ပိုသော နေထိုင်ခွင့်ကာလ**</u> ရှိသူများသည် လူမှုဖူလုံရေးအာမခံစသည့် အာမခံများတွင် ဝင်ရောက်ထားသူများမှလွဲ၍ ကလေးငယ်မှ အသက်ကြီးသူအထိ လူတိုင်း အမျိုးသားကျန်းမာရေးအာမခံကို မဖြစ်မနေ ဝင်ရောက်ရပါသည်။

・အမျိုးသားကျန်းမာရေးအာမခံကိုဝင်ရောက်ထားပါက တစ်ဦးလျှင် တစ်စောင် **အာမခံအရည်အချင်းအတည်ပြုစာ** ကို ရရှိမည်ဖြစ်ပါသည်။

・ဖျားနာခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်း ဖြစ်သည့်အခါ ဆေးရုံတွင် **အာမခံအရည်အချင်းအတည်ပြုစာ** ကို ပြသပါက ဆေးကုသစရိတ်၏ တစ်စိတ်တစ်ပိုင်းသာ ပေးဆောင်ရပြီး ကုန်ကျစရိတ် သက်သာစွာဖြင့် ဆေးကုသမှုခံယူနိုင်ပါသည်။

・**အာမခံအရည်အချင်းအတည်ပြုစာ**တွင် **အသုံးပြုနိုင်သည့် သက်တမ်းရှိသဖြင့်** သက်တမ်းကုန်ဆုံးရက်ကို သေချာစွာ စစ်ဆေးထားရန်လိုအပ်ပါသည်။

## ■　国民健康保険の保険税について

・国民健康保険に入ると、国民健康保険税を払わなければなりません。

・国民健康保険税は、<u>前の年の 1月1日から 12月31日までに働いて得た収入</u>で税額が決まります。

**■ အမျိုးသားကျန်းမာရေးအာမခံ၏ အာမခံအခွန်အကြောင်း**

・အမျိုးသားကျန်းမာရေးအာမခံကိုဝင်ရောက်ပါက အမျိုးသားကျန်းမာရေးအာမခံခွန်ကို ပေးဆောင်ရန် လိုအပ်ပါသည်။

・အမျိုးသားကျန်းမာရေးအာမခံခွန်၏ ပေးဆောင်ရမည့် အခွန်ပမာဏကို <u>**ယခင်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အလုပ်လုပ်၍ ရရှိခဲ့သော ဝင်ငွေ**</u> ပေါ်မူတည်၍ သတ်မှတ်ပါသည်။

## ■　国民健康保険税の申告について

・国民健康保険税を正しく計算するため、学生や働いていない人も所得の申告が必要です（3ページの「市民税・県民税の申告について」を見てください）。ただし、すでに所得税の確定申告や市民税・県民税の申告をした人や、職場が給与支払報告書を市民税課へ提出している人は申告の必要はありません。

**■ အမျိုးသားကျန်းမာရေးအာမခံခွန်အတွက် အခွန်ကြေညာခြင်းအကြောင်း**

・အမျိုးသားကျန်းမာရေးအာမခံကို မှန်ကန်စွာ တွက်ချက်နိုင်ရန်အတွက် ကျောင်းသားများ နှင့် အလုပ်မလုပ်သူများ အပါအဝင် လူတိုင်းသည် ဝင်ငွေကြေညာခြင်းကို ပြုလုပ်ရန် လိုအပ်ပါသည်။ (စာမျက်နှာ ၃ ရှိ 「မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်တင်ပြကြေညာခြင်း」 ကို ကြည့်ပါ) သို့သော် ဝင်ငွေခွန်အပြီးသတ်ကြေညာချက်ကို တင်သွင်းပြီးသူများ၊ မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန်တင်ပြကြေညာခြင်း ပြုလုပ်ထားပြီးသူများ၊ မိမိ၏ အလုပ်လုပ်ရာနေရာမှ လစာပေးချေမှု အစီရင်ခံစာကို မြို့တော်အခွန်ဌာနသို့ တင်ပြထားပြီးသူများသည် ထပ်မံ၍ တင်ပြကြေညာခြင်းပြုလုပ်ရန် မလိုအပ်ပါ။

## ■ 国民健康保険税の払い方　အမျိုးသားကျန်းမာရေးအာမခံခွန်ပေးဆောင်နည်း

**国民健康保険税納税通知書（封筒）**　အမျိုးသားကျန်းမာရေးအာမခံခွန်ပေးဆောင်ရန် အသိပေးစာ(စာအိတ်)





・国民健康保険に入ると、**7月**に**税金のお知らせ（国民健康保険税納税通知書）**が届きます（新しく入った人には、入った次の月に届きます）。届いたらすぐに中身を見てください。

・納期限（税金を払う期限）までに銀行やコンビニエンスストア、郵便局で払ってください。

・အမျိုးသားကျန်းမာရေးအာမခံကိုဝင်ထားပါက **ဇူလိုင်လ** တွင် **အခွန်အကြောင်းကြားစာ (အမျိုးသားကျန်းမာရေးအာမခံခွန်ပေးဆောင်ရန် အသိပေးစာ)** ကို လက်ခံရရှိပါမည်။ (အသစ်ဝင်ရောက်ထားသူများအတွက် ဝင်ရောက်ပြီး နောက်လတွင် အကြောင်းကြားစာ ရောက်ရှိပါ မည်။) အကြောင်းကြားစာ ရောက်ရှိလာပါက စာအိတ်အတွင်းမှ အချက်အလက်များကို ချက်ချင်း စစ်ဆေးကြည့်ရှုပါ။

・အခွန်ပေးဆောင်ရမည့် နောက်ဆုံးရက်မတိုင်မီ ဘဏ်၊ ကွန်ဗီနီယန့်စတိုး သို့မဟုတ် စာတိုက်တွင် အခွန်ကို ပေးဆောင်ပါ။

**封筒の中に入っている納付書（支払用）**　စာအိတ်အတွင်း ပါရှိသော အခွန်ပေးဆောင်ရန် အသုံးပြုသည့်




・納付書は「全期」と「第１期」から「第８期」までの９枚入っています。

・「全期」は今年度納付書で払う分の国民健康保険税を一度に払う時に使います。

・「第1期」～「第8期」の納付書は1年分の国民健康保険税を8回に分けて払う時に使います。

・16ページの市税納期カレンダーを見て、必ず納期限（税金を払う期限）までに払ってください。

・eL-QRを読み込むことで、クレジットカードの納付や、スマートフォンアプリでの納付ができます。

・ငွေပေးချေစာရွက်တွင်「တစ်နှစ်စာလုံး」နှင့်「၁ ကြိမ်မြောက်」မှ「၈ ကြိမ်မြောက်」အထိ စုစုပေါင်း **၉ ရွက်** ပါရှိပါသည်။

・「တစ်နှစ်စာလုံး」သည် ယခုဘဏ္ဍာနှစ်အတွက် ပေးချေစာရွက်ဖြင့် ပေးဆောင်ရမည့်အမျိုးသားကျန်းမာရေးအာမခံခွန် အားလုံးကို တစ်ကြိမ်တည်း ပေးဆောင်လိုသောအခါ အသုံးပြုရပါသည်။

・「၁ ကြိမ်မြောက်」မှ「၈ ကြိမ်မြောက်」 အထိငွေပေးချေစာရွက်များသည် တစ်နှစ်စာ အမျိုးသားကျန်းမာရေးအာမခံခွန်ကို ၈ ကြိမ် အရစ်ကျ ခွဲ၍ ပေးဆောင်လိုသောအခါ အသုံးပြုရပါသည်။

・စာမျက်နှာ ၁၆ ရှိ မြို့တော်အခွန်ပေးဆောင်ရမည့်ရက်စွဲ ပြက္ခဒိန်ကို ကြည့်ရှုပြီး ပေးဆောင်ရမည့် နောက်ဆုံးရက်မတိုင်မီ မဖြစ်မနေ ပေးဆောင်ပါ။

・eL-QRကိုScanဖတ်ခြင်းဖြင့်CreditCardဖြင့်လည်းကောင်း၊ Smartphone App များမှတစ်ဆင့်လည်းကောင်း အခွန်ပေးဆောင်နိုင်ပါသည်။

# 4　軽自動車税

# အပေါ့စားမော်တော်ယာဉ်အခွန်

## ■　軽自動車税とはなんでしょうか。

・**4月1日現在**にバイクや軽自動車（排気量660 cc以下）などを持っている人が払う税金です。
・4月2日以降以降に廃車・名義変更をしたときでも、1年分の軽自動車税の全額を払う必要があります。
・軽自動車税の税額は、車の種類によって違います。詳しくは、税制課（17ページ）に連絡してください。

**■ အပေါ့စားမော်တော်ယာဉ်အခွန်ဆိုတာ ဘာလဲ။**

・**ဧပြီလ၁ရက်နေ့ အချိန်**မှာ မော်တော်ဆိုင်ကယ် သို့မဟုတ် အပေါ့စားမော်တော်ယာဉ်(အင်ဂျင်ပါဝါ 660cc အောက်) စသည့် ယာဉ်များကို ပိုင်ဆိုင်ထားသူများ ပေးဆောင်ရသော အခွန်ဖြစ်ပါသည်။
・ဧပြီလ ၂ ရက်နေ့ နောက်ပိုင်းတွင် ယာဉ်ကို ဖျက်သိမ်းမှတ်ပုံတင်ခြင်း သို့မဟုတ် ပိုင်ရှင်အမည်ပြောင်းလဲခြင်း ပြုလုပ်ပါလည်း၊ ထိုနှစ်အတွက် အပေါ့စားမော်တော်ယာဉ်အခွန်တစ်နှစ်စာလုံးကို အပြည့်အဝ ပေးဆောင်ရန် လိုအပ်ပါသည်။
・အပေါ့စားမော်တော်ယာဉ်အခွန်၏ ပေးဆောင်ရမည့် အခွန်ပမာဏသည် ယာဉ်အမျိုးအစား ပေါ်မူတည်၍ ကွာခြားပါသည်။
・အသေးစိတ်အချက်အလက်များကို အခွန်စနစ်ဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ■　軽自動車税の申告について

・軽自動車を廃車するとき、人にあげるとき、売るとき、転出するとき、盗まれたときには、下の表のとおり必ず申告してください。
・申告をしないと、いつまでも軽自動車税がかかります。

**■ အပေါ့စားမော်တော်ယာဉ်အခွန်အတွက် ကြေညာခြင်းအကြောင်း**

・အပေါ့စားမော်တော်ယာဉ်ကို ယာဉ်ဖျက်သိမ်းခြင်းပြုလုပ်သည့်အခါ၊ အခြားသူတစ်ဦးအား ပေးအပ်သည့်အခါ၊ ရောင်းချသည့်အခါ၊ အခြား မြို့/ဒေသသို့ ပြောင်းရွှေ့သည့်အခါ၊ အခိုးခံရသည့်အခါ အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း မဖြစ်မနေကြေညာခြင်း/အကြောင်း ကြားခြင်း) ကို ပြုလုပ်ရပါမည်။
・ကြေညာခြင်းမပြုလုပ်ပါက၊ ယာဉ်ကို မသုံးတော့သည့်တိုင် အပေါ့စားမော်တော်ယာဉ်အခွန်ကဆက်လက်ကျသင့်နေမည်ဖြစ်ပါသည်။

| 車の種類 ယာဉ်အမျိုးအစား | 申告するところ ကြေညာရမည့်နေရာ |
|---|---|
| 原動機付自転車（125 cc 以下）<br>အင်ဂျင်တပ်ဆင်ထားသော မော်တော်ဆိုင်ကယ်ငယ်(125cc နှင့်အောက်)<br>小型特殊自動車（トラクターなど）<br>အသေးစား အထူးသုံးယာဉ်များ ( ထွန်စက် စသည်)<br>特定小型原動機付自転車（電動キックボードなど）<br>သတ်မှတ်ထားသော အသေးစား မော်တာတပ်ယာဉ်များ<br>(လျှပ်စစ်စကူတာ စသည်) | 宇都宮市役所　税制課（2階C7窓口）<br>Utsunomiya မြို့တော်ရုံး အခွန်စနစ်ဌာန (၂ လွှာ၊ C7 ကောင်တာ)<br>宇都宮市旭 1-1-5<br>1-1-5 Asahi, Utsunomiya<br>☎028-632-2205 |
| 軽自動車（軽四輪・軽三輪）<br>အပေါ့စားမော်တော်ယာဉ် (ဘီးလေးဘီး/သုံးဘီး ) | 軽自動車検査協会　栃木事務所<br>အပေါ့စားမော်တော်ယာဉ် စစ်ဆေးရေးအဖွဲ့ - Tochigi ရုံး<br>宇都宮市西川田本町 1-2-37<br>1-2-37 Nishi Kawata Honchou, Utsunomiya<br>☎050-3816-3107 |
| 二輪の軽自動車<br>ဘီးနှစ်ဘီးပါ အပေါ့စားမော်တော်ယာဉ်<br>二輪の小型自動車<br>ဘီးနှစ်ဘီးပါ အကြီးစားမော်တော်ဆိုင်ကယ် | 関東運輸局　栃木運輸支局<br>Kanto သယ်ယူပို့ဆောင်ရေးဌာန - Tochigi သယ်ယူပို့ဆောင်ရေးခွဲရုံး<br>宇都宮市八千代1-14-8<br>1-14-8 Yachiyo, Utsunomiya<br>☎050-5540-2019 |

■　自動車税とはなんでしょうか。

・排気量660 cc を超える自動車には自動車税がかかります。

・自動車税については、自動車税事務所（☎028-658-5521）に聞いてください。

**■ မော်တော်ယာဉ်အခွန် ဆိုတာ ဘာလဲ။**

・အင်ဂျင်ပါဝါ 660cc ထက်ကျော်လွန်သော မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်အခွန်ပေးဆောင်ရန် လိုအပ်ပါသည်။

・မော်တော်ယာဉ်အခွန်နှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို မော်တော်ယာဉ်အခွန်ရုံးဌာန （☎028-658-5521）သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ■ 軽自動車税の払い方　အပေါ့စားမော်တော်ယာဉ်အခွန်ပေးဆောင်နည်း

**軽自動車税納税通知書（封筒）**　အပေါ့စားမော်တော်ယာဉ်အခွန် ပေးဆောင်ရန် အကြောင်းကြားစာ (စာအိတ်)





・軽自動車税の納税通知書は、毎年5月の初めに届きます。届いたらすぐに中身を見てください。

・အပေါ့စားမော်တော်ယာဉ်အခွန်ပေးဆောင်ရန် အကြောင်းကြားစာကို နှစ်စဉ် မေလအစပိုင်း တွင် ပို့ပေးပါသည်။အကြောင်းကြားစာ ရောက်ရှိလာ ပါက ချက်ချင်းဖွင့်ကြည့်ပြီး အတွင်းပါ အချက်အလက်များကို စစ်ဆေးပါ။

**封筒の中に入っている納付書（支払用）・納税証明書（車検用）**

စာအိတ်အတွင်း ပါရှိသော ငွေပေးဆောင်ရန် အသုံးပြုသည့် ငွေပေးချေစာရွက် ・ကားစစ်ဆေးရန် အခွန်ပေးဆောင်ထားကြောင်း ထောက်ခံစာ




・納付書を銀行やコンビニエンスストア、郵便局に持っていき、納期限（税金を払う期限）までに必ず払ってください。
・軽自動車や二輪の小型自動車（排気量250ｃｃを超えるバイク）には、車検があります。車検を受けるときには、納税証明書が必要な場合があります。納税証明書は、納付書に付いていて、税金を払うと、スタンプを押してもらえます。それを車検のときに持っていってください。

・ငွေပေးချေစာရွက်ကို ဘဏ်၊ ကွန်ဗီနီယန့်စတိုး သို့မဟုတ် စာတိုက်သို့ ယူဆောင်သွားပြီး အခွန်ပေးဆောင်ရမည့် နောက်ဆုံးရက်မတိုင်မီ မဖြစ်မနေ ပေးဆောင်ပါ။
・အပေါ့စားကားနှင့် အင်ဂျင်ပါဝါ 250cc ကျော်သော မော်တော်ဆိုင်ကယ်များအတွက် ယာဉ်စစ်ဆေးမှုဆိုတာရှိပါသည်။
・ယာဉ်စစ်ဆေးမှုပြုလုပ်သည့်အခါ အခွန်ပေးဆောင်ထားကြောင်း ထောက်ခံစာလိုအပ်နိုင်ပါသည်။
・အခွန်ပေးဆောင်ထားကြောင်း ထောက်ခံစာသည် ငွေပေးချေစာရွက်နှင့် တွဲလျက် ပါရှိပြီး၊ အခွန်ပေးဆောင်ပြီးနောက် သက်ဆိုင်ရာဌာနမှ တံဆိပ်တုံး ထုနှိပ်ပေးပါမည်။
・တံဆိပ်တုံးထုထားသော အခွန်ပေးဆောင်ထားကြောင်း ထောက်ခံစာကို ယာဉ်စစ်ဆေးမှုပြုလုပ်သည့်အခါ ယူဆောင်သွားပါ။

# 5　固定資産税 အိမ်ခြံမြေပိုင်ဆိုင်မှုခွန်

■　固定資産税とはなんでしょうか。

・<u>1月1日</u>に宇都宮市にある土地や建物（固定資産）を持っている人が払う税金です。

・持っている固定資産の価格をもとに税額が決まります。詳しくは、資産税課（17ページ）に連絡してください。

**■ အိမ်ခြံမြေပိုင်ဆိုင်မှုခွန်ဆိုတာ ဘာလဲ။**

・**<u>ဇန်နဝါရီလ၁ရက်နေ့</u>** အချိန်တွင် Utsunomiyaမြို့အတွင်းရှိ မြေ သို့မဟုတ် အဆောက်အအုံ စသည့် (ပုံသေပိုင်ဆိုင်မှု) တို့ကို ပိုင်ဆိုင်ထားသူများ ပေးဆောင်ရသော အခွန်ဖြစ်ပါသည်။

・ပေးဆောင်ရမည့် ပုံသေပိုင်ဆိုင်မှုခွန်၏ အခွန်ပမာဏကို မိမိပိုင်ဆိုင်ထားသော အမြဲတမ်းပိုင်ဆိုင်မှု၏ တန်ဖိုး (価格) ကို အခြေခံ၍ သတ်မှတ်ပါသည်။ အသေးစိတ်အချက်အလက်များကို ပိုင်ဆိုင်မှုအခွန်ဌာန (စာမျက်နှာ ၁၇) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# 6　税金は納期限までに払うことが決まりです

## အခွန်ကို သတ်မှတ်ထားသော ပေးဆောင်ရမည့် နောက်ဆုံးရက်မတိုင်မီ ပေးဆောင်ရန် သတ်မှတ်ထားပါသည်။

■　税金を払ってください

・税金は納期限（納付書に書いてある税金を払う日）までに払わなければいけません。

・税金は種類によって納期限が違います。
詳しくは、16ページの市税納期カレンダーを見てください。

**■ အခွန်ကို ပေးဆောင်ပါ**

・အခွန်ကို ငွေပေးဆောင်ရန် စာရွက်တွင် ဖော်ပြထားသော အခွန်ပေးဆောင်ရမည့် နောက်ဆုံးရက်မတိုင်မီ မဖြစ်မနေ ပေးဆောင်ရပါမည်။

・အခွန်အမျိုးအစားအလိုက် နောက်ဆုံးပေးဆောင်ရမည့်ရက်မတူညီနိုင်ပါသည်။

・အသေးစိတ်ကို စာမျက်နှာ ၁၆ ရှိ မြို့တော်အခွန် ပေးဆောင်ရမည့်ရက်စွဲပြက္ခဒိန်တွင် ကြည့်ရှုပါ။

## ■ 税金を払う方法

**＜納付書を使って払うとき＞**

・届いた納付書を持って、コンビニエンスストア、郵便局、銀行、納税課の窓口で払ってください。

**＜口座振替で払うとき＞**

・銀行口座を持っている人は、「口座振替」（税金を払う日に登録した銀行口座から自動的に税金を払うようにすること）で払うことができます。納付書で払わないので、とても便利です。手続きは、納税課や銀行、郵便局の窓口でできます。

**＜クレジットカードで払うとき＞**

・地方税お支払サイトで手続きをすると、VISA、Master Card、ＪＣＢ、American Express、Diners Clubのクレジットカードを使っていつでも税金を払うことができます。手数料がかかります。
・金融機関、市役所、コンビニエンスストア等の窓口では、クレジットカードを使って払うことができません。

**＜スマートフォンアプリで払うとき＞**

・納付書に書いてあるeL-ＱＲをスマートフォンのカメラで読み込んで払うことができます。
・PayPay、PayB、楽天銀行アプリ、銀行Pay、ａｕＰＡＹ、ｄ払い、Ｊ-coin、Famipayなどが使えます。
・スマートフォンアプリを使って払うと、領収証書は発行できません。

---

**■ အခွန်ပေးဆောင်နည်းများ**

**＜ငွေပေးချေစာရွက်ဖြင့် ပေးဆောင်ခြင်း＞**

・ရောက်ရှိလာသော ငွေပေးချေစာရွက်ကို ယူဆောင်၍ ကွန်ဗီနီယန့်စတိုး၊ စာတိုက်၊ ဘဏ် သို့မဟုတ် အခွန်ကောက်ခံရေးဌာန၏ ကောင်တာတွင် အခွန်ပေးဆောင်နိုင်ပါသည်။

**＜အလိုအလျောက် ငွေဖြတ်စနစ်ဖြင့်ပေးချေခြင်း＞**

・ဘဏ်အကောင့်ရှိသူများသည် 「အလိုအလျောက် ငွေဖြတ်စနစ်」( အခွန်ပေးဆောင်ရမည့်ရက်တွင် မှတ်ပုံတင်ထားသော ဘဏ်အကောင့်မှ အခွန်ကို အလိုအလျောက် ဖြတ်တောက်ပေးချေသည့် စနစ် )ကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ပါသည်။ ဤနည်းလမ်းကို အသုံးပြုပါကငွေပေးချေစာရွက်ဖြင့် သွားရောက်ပေးဆောင်ရန် မလိုအပ်သောကြောင့် အလွန်အဆင်ပြေပါသည်။
・လျှောက်ထားခြင်းကို အခွန်ကောက်ခံရေးဌာန၊ ဘဏ် သို့မဟုတ် စာတိုက်၏ကောင်တာတွင် ပြုလုပ်နိုင်ပါသည်။

**＜Credit Card ဖြင့် ပေးဆောင်ခြင်း＞**

・ဒေသအခွန် ငွေပေးချေဝက်ဘ်ဆိုက်တွင် လုပ်ငန်းစဉ်ကို ဆောင်ရွက်ပါက VISA၊ MasterCard၊ JCB၊ American Express၊ Diners Club စသည့် Credit Card များကို အသုံးပြု၍ အချိန်မရွေး အခွန်ပေးဆောင်နိုင်ပါသည်။
・သို့သော် ဝန်ဆောင်ခပေးဆောင်ရပါမည်။
・ဘဏ်၊ မြို့တော်ရုံး၊ ကွန်ဗီနီယန့်စတိုး စသည့် ကောင်တာများတွင် Credit Card ဖြင့် တိုက်ရိုက် ပေးဆောင်၍ မရပါ။

**＜Smartphone App ဖြင့် ပေးဆောင်ခြင်း＞**

・ငွေပေးချေစာရွက်ပေါ် ရှိ eL-QR ကို Smartphone ကင်မရာဖြင့် Scan ဖတ်၍ အခွန်ပေးဆောင်နိုင်ပါသည်။
・အသုံးပြုနိုင်သော App များမှာ -PayPay, PayB, Rakuten Bank App, Bank Pay, au PAY, d Pay, J-Coin Pay, FamiPay စသည်တို့ ဖြစ်ပါသည်။
・Smartphone App ဖြင့် အခွန်ပေးဆောင်ပါက ငွေလက်ခံပြေစာကို ထုတ်ပေးမည် မဟုတ်ပါ။

■ 納付書を失くしたとき

・税金を払うために必要な納付書を失くしたときは、納付書を作り直します。
納税課（17ページ）に連絡してください。

**■ ငွေပေးချေစာရွက်ပျောက်ဆုံးသွားပါက**

· အခွန်ပေးဆောင်ရန် လိုအပ်သောငွေပေးချေစာရွက်ပျောက်ဆုံးသွားပါက ငွေပေးချေစာရွက်အသစ်ကို ပြန်လည်ထုတ်ပေးနိုင်ပါသည်။

· ထိုသို့သောအခြေအနေတွင် အခွန်ကောက်ခံရေးဌာန (စာမျက်နှာ ၁၇) သို့ ဆက်သွယ်အကြောင်းကြားပါ။

■ 税金を期限までに払わなかったとき

・税金を期限までに払わないことを**「滞納」**といいます。

・滞納すると、宇都宮市役所から**督促状**（「税金をすぐに払ってください」とお知らせする手紙）が届きます。

・滞納すると、税金のほかに**延滞金**がかかることがあります。

・納税課に連絡をしないで、税金を納期限（税金を払う期限）までに払わないと、あなたの財産（給料・預貯金など）を差し押えます。

**■ အခွန်ကို သတ်မှတ်ထားသော နောက်ဆုံးရက်အတွင်း မပေးဆောင်ပါက**

· အခွန်ကို သတ်မှတ်ထားသော နောက်ဆုံးရက်အတွင်း မပေးဆောင်ခြင်းကို **「အခွန်ကြွေးကျန်ခြင်း」** ဟု ခေါ်ပါသည်။

· အခွန်ကြွေးကျန်ပါက Utsunomiya မြို့တော်ရုံးမှ **တောင်းခံစာ** 「အခွန်ကို ချက်ချင်းဆောင်ပေးပါ」 ဆိုတဲ့ အသိပေးစာကို ပို့ပေးပါမည်။

· အခွန်ကြွေးကျန်ပါက မူလပေးဆောင်ရမည့် အခွန်အပြင်**နောက်ကျကြေး**ကိုလည်း ပေးဆောင်ရနိုင်ပါသည်။

· အခွန်ကောက်ခံရေးဌာနသို့ မဆက်သွယ်ဘဲ အခွန်ပေးဆောင်ရမည့် နောက်ဆုံးရက်အတွင်း အခွန်ကို မပေးဆောင်ပါက၊ သင်၏ ပိုင်ဆိုင်မှု များ (ဥပမာ - လစာ၊ ဘဏ်အပ်ငွေ စသည်) ကို ဥပဒေအရ သိမ်းဆည်းခြင်းခံရနိုင်ပါသည်။

■ 税金を納期限までに払うことができないとき

・どうしても税金を納期限までに払うことができないときは、必ず納税課に連絡してください。

**■ အခွန်ကို သတ်မှတ်ထားသော နောက်ဆုံးရက်အတွင်း မပေးဆောင်နိုင်ပါက**

· မည်သို့ပင်ဖြစ်စေ အခွန်ကို ပေးဆောင်ရမည့် နောက်ဆုံးရက်မတိုင်မီ ပေးဆောင်ရန် အခက်အခဲရှိပါက၊ မဖြစ်မနေ အခွန်ကောက်ခံရေးဌာနသို့ ကြိုတင်ဆက်သွယ် အကြောင်းကြားပါ။

### 相談窓口 တိုင်ပင်ဆွေးနွေးနိုင်သော ဌာန

宇都宮市役所　納税課　（2階　C9・C10窓口）

宇都宮市旭1-1-5　☎028-632-2194　（窓口は月曜日の8:30～19:00，火～金曜日の8:30～17:15まで開いています。）

Utsunomiya မြို့တော်ရုံး အခွန်ကောက်ခံရေးဌာန (၂ လွှာ၊ C9・C10 ကောင်တာ)

1-1-5 Asahi, Utusunomiya ☎ 028-632-2194

ကောင်တာဖွင့်ချိန်

တနင်္လာနေ့ – မနက် 8:30 မှ ညနေ 7:00 အထိ

အင်္ဂါနေ့ မှ သောကြာနေ့ – မနက် 8:30 မှ ညနေ 5:15 အထိ

# 7　市税の証明書について

# မြို့တော်အခွန်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများအကြောင်း

## ■　課税証明書・納税証明書

・課税証明書や納税証明書は、1年間に払う税金やすでに払った税金の額を証明するもので、在留期間の更新などのときには出入国在留管理庁に提出します。

・市税の証明書をもらうためには、**市民税・県民税の申告が必要**です。前の年に収入がない人でも、必ず申告してください。

**■ အခွန်သတ်မှတ်ထားကြောင်းထောက်ခံစာ နှင့် အခွန်ပေးဆောင်ထားကြောင်းထောက်ခံစာ**

・အခွန်သတ်မှတ်ထားကြောင်းထောက်ခံစာ နှင့် အခွန်ပေးဆောင်ထားကြောင်းထောက်ခံစာသည် တစ်နှစ်အတွင်း ပေးဆောင်ရမည့် အခွန် ပမာဏ နှင့် ပေးဆောင်ပြီးသော အခွန်ပမာဏ ကို အတည်ပြုပေးသော အထောက်အထားစာရွက်စာတမ်းများ ဖြစ်ပါသည်။

・နေထိုင်ခွင့်ကာလသက်တမ်းတိုးခြင်းစသည့် ပ်ငန်းစဉ်များတွင်လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီသို့တင်ပြရန်လိုအပ်ပါသည်။

・မြို့တော်အခွန်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများကို ထုတ်ယူရန်အတွက် **မြို့တော်နှင့် ပြည်နယ်နေထိုင်ခွန်၏အခွန်ကြေညာခြင်း**ကို မဖြစ်မနေ ပြုလုပ်ထားရပါမည်။

・ယခင်နှစ်တွင် ဝင်ငွေမရှိခဲ့သူများလည်း မဖြစ်မနေ အခွန်ကြေညာချက် (申告) ကို တင်သွင်းရပါမည်။

＜証明書を発行しているところ＞

宇都宮市の市税の証明書は、下に書いてある窓口で発行しています。

- 市役所2階C8税制課窓口（時間は平日の 8：30～17：15 です。）
- 各地区市民センター、出張所窓口（時間は平日の 8：30～17：15 です。）

※　バンバ出張所窓口は、火～金曜日の 10：00～17：15 です。

マイナンバーカードを使って、コンビニエンスストアで「所得証明書」と「課税証明書」をとることができます。

- 利用できる場所は、セブンイレブン、ローソン、ファミリーマート、ミニストップなどです。
- 証明書は、本人のもので最新年度分のみです。
- 申告がない人など、コンビニエンスストアで税証明書を取れない場合があります。
- 証明書を誤って取った場合は、返金できません。

（注意）

課税証明書や納税証明書を発行しているのは、**その年の1月1日に住所があった市区町村**です。

今、宇都宮市に住んでいても、1月1日に別の市区町村に住んでいたら、宇都宮市では証明書の発行はできません。

**＜အထောက်အထားစာရွက်စာတမ်းများ ထုတ်ပေးသည့်နေရာ＞**

Utsunomiya မြို့၏ မြို့တော်နေထိုင်ခွန်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ ကို အောက်ပါနေရာများတွင် ထုတ်ယူနိုင်ပါသည်။

● Utsunomiya မြို့တော်ရုံး အခွန်ကောက်ခံရေးဌာန (၂ လွှာ၊ C8 ကောင်တာ)

ဖွင့်ချိန် - တနင်္လာနေ့မှ သောကြာနေ့အထိ မနက် 8:30 မှ ညနေ 5:15 အထိ

● ရပ်ကွက်အလိုက် ပြည်သူ့ဝန်ဆောင်မှုစင်တာများနှင့် ရုံးခွဲကောင်တာများ

ဖွင့်ချိန် - တနင်္လာနေ့မှ သောကြာနေ့အထိ မနက် 8:30 မှ ညနေ 5:15 အထိ

※banbaရုံးခွဲ ဖွင့်ချိန် - အင်္ဂါနေ့မှ သောကြာနေ့အထိ မနက် 10:00 မှ ညနေ 5:15 အထိ

My Number Card ကို အသုံးပြု၍ Convenience Store များတွင် 「ဝင်ငွေအထောက်အထားစာ 」နှင့် 「အခွန်သတ်မှတ်ထားကြောင်းထောက်ခံစာ」 ကို ထုတ်ယူနိုင်ပါသည်။

● အသုံးပြုနိုင်သော Convenience Store များမှာ seven eleven, Lawson, Family mart, Ministop စသည်တို့ဖြစ်ပါသည်။

● ထုတ်ယူနိုင်သော စာရွက်စာတမ်းသည် မိမိကိုယ်တိုင်၏ စာရွက်စာတမ်းသာ ဖြစ်ပြီး၊ နောက်ဆုံးဘဏ္ဍာနှစ်အတွက်သာ ထုတ်ယူနိုင်ပါသည်။

● အခွန်ကြေညာချက်မတင်ထားသူများသည် Convenience Store မှ အခွန်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းကို ထုတ်ယူ၍ မရနိုင်ပါ။

● အထောက်အထားစာရွက်စာတမ်းကို မှားယွင်း၍ ထုတ်ယူခဲ့ပါက အခကြေးငွေကို ပြန်အမ်းပေးမည် မဟုတ်ပါ။

(သတိပြုရန်)

<u>အခွန်သတ်မှတ်ထားကြောင်းထောက်ခံစာ နှင့် အခွန်ပေးဆောင်ထားကြောင်းထောက်ခံစာကို **ထိုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မိမိ၏နေရပ်လိပ်စာရှိခဲ့သော မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့** ကသာ ထုတ်ပေးနိုင်ပါသည်။</u>

ဥပမာအားဖြင့်၊ လက်ရှိတွင် Utsunomiya မြို့တွင် နေထိုင်နေသော်လည်း ဇန်နဝါရီလ ၁ ရက်နေ့တွင် အခြားမြို့ သို့မဟုတ် အခြားဒေသတွင် နေထိုင်ခဲ့ပါက Utsunomiya မြို့တွင် အဆိုပါ အထောက်အထားစာရွက်စာတမ်းများကို ထုတ်မရနိုင်ပါ။

＜証明書を取るときに必要なもの＞

自分の証明書が欲しいときは下に書いてある２つのものを持ってきてください。

【窓口】

①本人確認書類（在留カードやパスポート）

②現金300円（1通）

【コンビニエンスストア】

①マイナンバーカード

②現金200円（1通）

**＜အထောက်အထားစာရွက်စာတမ်း ထုတ်ယူရာတွင် လိုအပ်သောအရာများ＞**

မိမိ၏ အထောက်အထားစာရွက်စာတမ်းကို ထုတ်ယူလိုပါက၊ အောက်ပါအရာ ၂ခုကို ယူဆောင်လာပါ။

【ရုံးကောင်တာတွင် ထုတ်ယူလိုပါက】

① ကိုယ်ရေးအချက်အလက်အတည်ပြုစာရွက်စာတမ်း (နေထိုင်ခွင့်ကတ် သို့မဟုတ် passport)

② ငွေသား ၃၀၀ ယန်း (အထောက်အထားစာရွက်စာတမ်း ၁ စောင်လျှင်)

【Convenience Store တွင် ထုတ်ယူပါက】

① My Number Card

② ငွေသား ၂၀၀ ယန်း (အထောက်အထားစာရွက်စာတမ်း ၁ စောင်လျှင်)

# ８　市税納期カレンダー
# မြို့တော်အခွန်ပေးဆောင်ရမည့်ရက်စွဲပြက္ခဒိန်

※　納期限（税金を払う期限）はそれぞれの月の最後の日です。
* အခွန်ပေးဆောင်ရမည့် နောက်ဆုံးရက်သည် သက်ဆိုင်ရာ လ၏ နောက်ဆုံးနေ့ ဖြစ်ပါသည်။

| 月<br>လ | 市民税・県民税<br>မြို့တော်နှင့်<br>ပြည်နယ်နေထိုင်ခွန် | 国民健康保険税<br>အမျိုးသားကျန်းမာရေး<br>အာမခံခွန် | 軽自動車税<br>အပေါ့စား<br>မော်တော်ယာဉ်အခွန် | 固定資産税<br>အိမ်ခြံမြေ<br>ပိုင်ဆိုင်မှုခွန် |
|---|---|---|---|---|
| ４月<br>၄ လပိုင်း | | | | 第１期<br>၁ ကြိမ်မြောက် |
| ５月<br>၅ လပိုင်း | | | 全期分<br>တစ်နှစ်လုံးစာ | |
| ６月<br>၆ လပိုင်း | 第１期<br>၁ ကြိမ်မြောက် | | | |
| ７月<br>၇ လပိုင်း | | 第１期<br>၁ ကြိမ်မြောက် | | 第２期<br>၂ ကြိမ်မြောက် |
| ８月<br>၈ လပိုင်း | 第２期<br>၂ ကြိမ်မြောက် | 第２期<br>၂ ကြိမ်မြောက် | | |
| ９月<br>၉ လပိုင်း | | 第３期<br>၃ ကြိမ်မြောက် | | |
| １０月<br>၁၀ လပိုင်း | 第３期<br>၃ ကြိမ်မြောက် | 第４期<br>၄ ကြိမ်မြောက် | | |
| １１月<br>၁၁ လပိုင်း | | 第５期<br>၅ ကြိမ်မြောက် | | |
| １２月<br>၁၂ လပိုင်း | | 第６期<br>၆ ကြိမ်မြောက် | | 第３期<br>၃ ကြိမ်မြောက် |
| １月<br>၁ လပိုင်း | 第４期<br>၄ ကြိမ်မြောက် | 第７期<br>၇ ကြိမ်မြောက် | | |
| ２月<br>၂ လပိုင်း | | 第８期<br>၈ ကြိမ်မြောက် | | 第４期<br>၄ ကြိမ်မြောက် |

# 9　税についての問い合わせ先
## အခွန်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းရန် ဆက်သွယ်ရမည့်ဌာန

| 内容<br>အကြောင်းအရာ | 問い合わせ先<br>စုံစမ်းမေးမြန်းရန် ဆက်သွယ်ရမည့်ဌာန | | 電話<br>ဖုန်း |
|---|---|---|---|
| 市税全般について<br>မြို့တော်အခွန်နှင့် ပတ်သက်သော အထွေထွေအချက်အလက်များ | 宇都宮市役所<br>Utsunomiya<br>မြို့တော်ရုံး | 税制課<br>အခွန်စနစ်ဌာန | 028-632-2184 |
| 市民税・県民税について<br>မြို့တော်နှင့်ပြည်နယ်နေထိုင်ခွန် အကြောင်း | | 市民税課<br>မြို့တော်အခွန်ဌာန | 028-632-2203 |
| 国民健康保険税について<br>အမျိုးသားကျန်းမာရေးအာမခံခွန် အကြောင်း | | 保険年金課<br>အာမခံနှင့် ပင်စင်ဌာန | 028-632-2320 |
| 軽自動車税について<br>အပေါ့စားမော်တော်ယာဉ်အခွန် အကြောင်း | | 税制課<br>အခွန်စနစ်ဌာန | 028-632-2205 |
| 固定資産税について<br>အိမ်ခြံမြေပိုင်ဆိုင်မှုခွန် အကြောင်း | | 資産税課<br>ပိုင်ဆိုင်မှုအခွန်ဌာန | 028-632-2243 |
| 納税について<br>အခွန်ပေးဆောင်ခြင်း အကြောင်း | | 納税課<br>အခွန်ကောက်ခံရေးဌာန | 028-632-2194 |
| 市税の証明書について<br>မြို့တော်အခွန်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ အကြောင်း | | 税制課<br>အခွန်စနစ်ဌာန | 028-632-2187 |
| 県税（自動車税など）について<br>ပြည်နယ်အခွန်( မော်တော်ယာဉ်ခွန်စသည်) အကြောင်း | 栃木県庁<br>Tochigi ပြည်နယ်ရုံး | 宇都宮県税事務所<br>Utsunomiya ပြည်နယ်အခွန်ရုံး | 028-626-3003 |
| 国税（所得税など）について<br>နိုင်ငံတော်အခွန်(ဝင်ငွေခွန်စသည်) အကြောင်း | 税務署<br>အခွန်ရုံး | 宇都宮税務署<br>Utsunomiya အခွန်ရုံး | 028-621-2151 |

（注意）　上記の問い合わせ先は日本語による対応のみとなっております。日本語が分からない場合は、外国人のための総合相談を利用してください。

（သတိပြုရန်） အထက်တွင် ဖော်ပြထားသော ဆက်သွယ်မေးမြန်းရန် ဌာနများသည် ဂျပန်ဘာသာဖြင့်သာ ဝန်ဆောင်မှုပေးပါသည်။ ဂျပန်ဘာသာစကားနားမလည်ပါက၊ နိုင်ငံခြားသားများအတွက် အထွေထွေတိုင်ပင်ဆွေးနွေးရေးဝန်ဆောင်မှုကို အသုံးပြုပါ။

<table>
<tr><th colspan="2"></th><th>スペイン語<br>စပိန်</th><th>ポルトガル語<br>ပေါ်တူဂီ</th><th>ベトナム語<br>ဗီယက်နမ်</th><th>中国語<br>တရုတ်</th><th>タイ語<br>ထိုင်း</th><th>英語<br>အင်္ဂလိပ်</th></tr>
<tr><td rowspan="2">国際交流プラザ<br>အပြည်ပြည်ဆိုင်ရာ ဖလှယ်ရေး စင်တာ<br>028-616-1564</td><td rowspan="2">15:00-<br>18:00</td><td>月<br>တနင်္လာနေ့</td><td colspan="2">第1，3月<br>၁ကြိမ်နှင့် ၃ကြိမ်မြောက်တနင်္လာနေ့</td><td>火<br>အင်္ဂါနေ့</td><td>水<br>ဗုဒ္ဓဟူးနေ့</td><td>金<br>သောကြာနေ့</td></tr>
<tr><td colspan="6">第4日曜日（予約制）<br>၄ကြိမ်မြောက် တနင်္ဂနွေနေ့ (ရက်ချိန်းစနစ်)</td></tr>
<tr><td rowspan="2">市役所市民相談コーナー（2階）<br>မြို့တော်ရုံး ပြည်သူ့ တိုင်ပင်ဆွေးနွေးရေး ကောင်တာ (၂ လွှာ)<br>028-632-2834</td><td>9:00-<br>12:00</td><td colspan="2">木<br>ကြာသပတေးနေ့</td><td></td><td></td><td></td><td>木<br>ကြာသပတေးနေ့</td></tr>
<tr><td>14:00-<br>17:00</td><td colspan="2">木<br>ကြာသပတေးနေ့</td><td>第2木<br>၂ကြိမ်မြောက် ကြာသပတေးနေ့</td><td>第3木<br>၃ကြိမ်မြောက် ကြာသပတေးနေ့</td><td>第1木<br>၁ကြိမ်မြောက် ကြာသပတေးနေ့</td><td></td></tr>
</table>

Memo မှတ်စု